# သက်တမ်းတိုတိုနှင့် အကျိုးများသည့် ပိုက်ဆံလျှော်

သီးနှံများ အထွက်နှုန်းတိုးစေရန် ဓါတ်မြေသြဇာများ နှစ်စဉ်ဆက်တိုက် လွန်ကဲစွာသုံးစွဲမှုကြောင့် မြေဆီလွှာ၏ရုပ်ပိုင်း၊ ဓါတုပိုင်းနှင့်ဇီဝပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ ထိခိုက်လာခြင်း၊ ဓါတုဓါတ်ကြွင်းများကြောင့် လူနှင့်သတ္တဝါများ အသက်အန္တရာယ်ဆုံးရှုံးမှုအား ကျော်လွှားနိုင်ရန် သက်တမ်းတိုတိုအတွင်း ကြီးထွားမှုမြန်ဆန်၍ နိုက်ထရိုဂျင်ပမာဏ များများထုတ်ပေးသည့် ပိုက်ဆံလျှော်ကို နှံစားနှင့် အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေသြဇာအဖြစ် စိုက်ပျိုးခြင်းနှင့် Cover Crop (မြေဖုံးပင်) အဖြစ် စိုက်ပျိုးပါက အကျိုးများသည့် သီးနှံ ဖြစ်ပါသည်။

- မြန်မာအမည် ပိုက်ဆံလျှော်
- အင်္ဂလိပ်အမည် Sunn Hemp
- သိပ္ပံအမည် *Crotalaria juncea L.*
- မျိုးရင်း Leguminoseae

## မူရင်းဒေသနှင့်စိုက်ပျိုးသည့်နိုင်ငံများ

မူရင်းဒေသ - အိန္ဒိယနိုင်ငံ

(သစ်စိမ်းမြေဩဇာ၊ ကျွဲ/ နွားအစားအစာ၊ လျှော်မျှင်သုံးရန် စိုက်ပျိုးခြင်း)





ဘရာဇီးနှင့်ဘင်္ဂလားဒေ့ရှ် တွင် Cover Crop အဖြစ်စိုက်ပျိုးခြင်း





# သစ်စိမ်းမြေဩဇာပြုလုပ်ခြင်း

- မိုးရာသီ သစ်စိမ်းမြေဩဇာပြုလုပ်သည့် စိုက်ခင်းမှ တစ်ဧကအတွက် (Bio mass) ၅ တန် မှ ၇ တန် ရရှိမည် ဖြစ်သည်။
- ရာသီဥတုအခြေအနေပေးပါက စိုက်ပျိုးပြီး ၈ ပတ်မှ ၁၂ ပတ်အတွင်း Bio mass (၁၀) တန်လျှင် နိုက်ထရိုဂျင် ပမာဏ (၁၅၀) ကီလိုဂရမ် အထက် ထုတ်ပေးနိုင်သည်။
- စိုက်ပြီး ၄၀- ၄၅ ရက်သား ပန်းမပွင့်မီအချိန်သည် နိုက်ထရိုဂျင်ထုတ်လုပ်မှု အမြင့်မားဆုံးဖြစ်သည်။
- ပန်းပွင့်ပြီး မျိုးစေ့ဖွံ့ဖြိုးချိန်တွင် နိုက်ထရိုဂျင် ထုတ်လုပ်မှု လျော့ကျသည်။
- သစ်စိမ်းမြေဩဇာပြုလုပ်လိုပါက စိုက်ပျိုးပြီး ၄၅ ရက်သားသည် အကောင်းဆုံးဖြစ်၍ ထယ်ထိုး၍ ထွန်မွှေပါ။

# ပိုက်ဆံလျှော်၏ အရည်အချင်းလက္ခဏာများ





- ကြီးထွားမှုလျှင်မြန်သည့် သဘာဝသစ်စိမ်းမြေဩဇာ အဖြစ် ထင်ရှားခြင်း
- တောက်ပသောအဝါရောင်ပန်းပွင့်ပြီး ထောင်မတ်၍ ကိုင်းဖြာသည့် တစ်နှစ်ခံပင်ဖြစ်ခြင်း
- အပင်ပိုင်းကြီးထွားမှုမြန်သကဲ့သို့ အမြစ်ပိုင်းဆိုင်ရာ ကြီးထွားဖွံ့ဖြိုးမှု အားကောင်းသည့်အပင်ဖြစ်ခြင်း
- မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ တိုးပွားရုံသာမက အပေါ်ယံ မြေလွှာတိုက်စားမှု ကာကွယ်ခြင်း
- မြေအောက် ရေထိန်းပေးခြင်း
- မြစ်ဖုနီမတုတ်ကျရောက်မှုကို ခံနိုင်ရည်ရှိခြင်း
- pH ၅-၇.၅တွင် မြစ်ဖုထွက်အားကောင်း၍ pH ၄.၅ အောက် ကျပါက မြစ်ဖုထွက်မှုကို ဟန့်တားခြင်း
- အခြေအနေပေးပါက ရက် ၆၀ ခန့်တွင် အပင်အမြင့် ၃' ၆"၊ ရက် ၉၀ ခန့်တွင် ၅' ၄" ထိ ရောက်ရှိနိုင်ခြင်း

# စိုက်ပျိုးခြင်း

✓ **စိုက်ချိန်-** ရာသီအားလုံး စိုက်နိုင်ပါသည်။ မျိုးစေ့ထုတ်စိုက်ပျိုးပါက မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မေ၊ ဇွန်လ နှင့် အောက်ပိုင်းဒေသများတွင် အောက်တိုဘာ၊ နိုဝင်ဘာလ များတွင် စိုက်သင့်ပါသည်။

✓ **မြေအမျိုးအစား-** pH ၅- ၈.၅ ရှိသော မည်သည့် မြေအမျိုးအစားမဆို စိုက်နိုင်ပါသည်။ နုံးမြေသည် အသင့်တော်ဆုံးဖြစ်သော်လည်း မြေညံ့သည့် သဲဆန်သောဒေသများတွင် အခြားသီးနှံ စိုက်ပျိုးမရပါက ပိုက်ဆံလျှော်စိုက်ပျိုးနိုင်ပါသည်။

✓ **မျိုးစေ့နှုန်းထား-** သစ်စိမ်းမြေဩဇာအတွက် စိုက်ပါက တစ်ဧကလျှင် တန်းကြား ၁ပေ၊ ပင်ကြား ၄လက်မ၊ မျိုးစေ့ ၂.၅ ပြီနှုန်း၊ ကြဲပက်စိုက်ပျိုးပါက ၄- ၆ ပြီနှုန်း သုံးစွဲပါ။ မျိုးစေ့များကို မြေအနက် ၆ - ၈လက်မခန့်ထိ ချစိုက်ပါ။ စိုက်ပျိုးပြီး ရက် ၃၀ အတွင်း ရေတစ်ကြိမ်သာ ပေးသွင်းပါ။

✓ **အထွက်နှုန်း-** မိုးရာသီ သစ်စိမ်းမြေဩဇာပြုလုပ်သည့် စိုက်ခင်းမှ တစ်ဧကအတွက် (Bio mass) ၅ တန် မှ ၇ တန် ရရှိမည် ဖြစ်သည်။ မျိုးစေ့ထုတ်စိုက်ခင်းမှ တစ်ဧကလျှင် ၆- ၈တင်း နှုန်း ထွက်ရှိသည်။

# မျိုးစေ့ထုတ်ခြင်း

- မျိုးစေ့ထုတ်လုပ်ရန် စိုက်ပျိုးပါက တစ်ဧကလျှင် တန်းကြား ၁.၅ပေ၊ ပင်ကြား၆ လက်မ၊ မျိုးစေ့ ၁.၅ ပြည် နှုန်း သုံးစွဲပါ။
- မျိုးစေ့ထုတ်ပါက သက်တမ်း ၅ လ (၁၅၀ ရက်) တွင် အသီးတောင့်လေးများ သားရေသားကဲ့သို့ဖြစ်လာပြီး ဖောင်းတင်းနေချိန်တွင် ရိတ်သိမ်းပါ။ အလွယ်ကူဆုံး ခန့်မှန်းရန်မှာ အပင်လှုပ်ကြည့်ပါက အသီးတောင့်လေးများ လှုပ်ခါသံကြားလျှင် ရိတ်သိမ်းရန် အကောင်းဆုံး ဖြစ်သည်။





- ❖ ပုံမှန်အားဖြင့် ပိုက်ဆံလျှော်သည် ပိုးမွှားရောဂါကျရောက်မှုနည်းပါး၍ ပိုးသတ်ဆေးသုံးရန် မလိုပါ၊
- ❖ တောက်ပသည့် အဝါရောင်ပန်းပွင့်များကြောင့် ပျား၊ နဂျီများကို ဆွဲဆောင်နိုင်၍ ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်နိုင်ပါသည်။
- ❖ နီမတုတ် ရောဂါကျရောက်မှု လျှော့ချပေးသည့်အတွက် သီးလှည့်စိုက်ပေးနိုင်သည်။





ဒေါ်ဥမ္မာအေး
ဦးစီးအရာရှိ (ဝါ/လျှော်)